
# ဖောက်ခွဲရေးပစ္စည်းများ

## အား အသုံးပြုခြင်း နှင့် ပတ်သက်သည့်

# သတိပေးချက်များ







ရွာကလေးရဲ့တစ်နေ့တာဟာ
အေးချမ်းသာယာစွာ ရှိနေပါတယ်


ဒါပေမယ့် ရွာကလေးကို တိုက်ပွဲမီး
က ရုတ်တရက် ကူးစက်လာပါတော့
တယ်။
ရှီး
ရှီး
သေနတ်သံတွေ၊ ပေါက်ကွဲသံတွေ
ဆူညံလို့ပေါ့။
ဝုန်း


ရွာသူရွာသားတွေဟာ တိုက်ပွဲကြောင့်
ထွက်ပြေးကြရတော့တာပေါ့
လုံခြုံမှုမရှိတော့တာမို့
ရွာသူရွာသားတွေဟာ မိမိ
တို့ အိုးအိမ်နေရပ်ကို စွန့်ခွာ
ပြီး ထွက်ပြေးတိမ်းရှောင်
ကြရတော့တယ်။



တိုက်ပွဲအတွင်းမှာ
ပေါက်ကွဲစေတတ်တဲ့
လက်နက်ကြီး
လက်နက်ငယ် အမျိုးမျိုး
ကို အသုံးပြုပြီး တိုက်ခိုက်
ကြတာမို့ ရွာလေးဟာ
ကြားထဲက မြေစာပင် ဖြစ်
ရတော့တာပေါ့။





အိမ်တွေ
ကျောင်းတွေ
ဆေးရုံ ဆေးခန်းတွေပါ ထိခိုက်ပျက်ဆီးကုန်ပါတယ်
တိုက်ပွဲအတွင်းမှာ အရပ်သားများနှင့် အရပ်သားများ၏ အခြေခံအဆောက်အအုံများအား ထိခိုက်မှုမှ ကင်းလွတ်စေရန် အစဉ်တစိုက် ဂရုပြုရမည် ဖြစ်သည်။


ပြည်သူတွေရှိတဲ့နေရာကို
လက်နက်ကြီးတွေ မသုံးကြနဲ့
လူနေထူထပ်သောနေရာများ
တွင် ဖောက်ခွဲရေးပစ္စည်းများ
ကို အသုံးမပြုရပါ။
ထိတွေ့မိလျှင် အသက်ဝင်၍ ပေါက်ကွဲ
တတ်သော ပစ္စည်းများအား ပြုလုပ်
ခြင်း၊ အသုံးပြုခြင်း၊ သိုလှောင်ခြင်း၊
ရောင်းချခြင်းများ မပြုလုပ်ရပါ။


တိုက်ခိုက်မှုတွေဟာ အချိန်တစ်ခု
မှာ ပြီးဆုံးသွားပါတယ်။
တပ်သားတွေဟာလည်း တစ်ဖက်က
လက်နက်ခဲယမ်းတွေကို သိမ်းဆည်း
ရမိလိုက်ပါတယ်။


မိုင်းတွေ လက်နက်တွေ ထပ်တွေ့လို့ သတင်းပို့တာပါ။



ဖောက်ခွဲရေးပစ္စည်းများရှိသည်ဟု သိသော သို့မဟုတ် သံသယရှိသော နေရာများအား မှတ်တမ်းတင်ခြင်း သတင်းပို့ခြင်းပြုလုပ်ပါ။


စစ်လက်နက် အကြွင်းအကျန် တွေဟာ တိုက်ပွဲ ပြီးမြောက်သည့်တိုင် အန္တရာယ်ရှိပါတယ်။








ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေဟာ
တိုက်ခိုက်မှုတွေပြီးဆုံးသွားပြီးတဲ့
နောက်ကိုတောင် ရွာသူရွာသားတွေရဲ့
အသက်အိုးအိမ်ကို ထိခိုက်ပျက်ဆီး
စေနေတုန်းပါပဲ။


ရွာလူကြီးတွေရဲ့စီစဉ်မှုနဲ့ တပ်သားတွေဟာ
ရွာသူရွာသားတွေကို ပေါက်ကွဲစေတတ်တဲ့
စစ်လက်နက်အကြွင်းအကျန်တွေ အကြောင်း
အသိပညာပေးကာ ရှင်းပြကြတယ်။
!


မသင်္ကာစရာ ပစ္စည်း
တွေတွေ့ရင် မထိမကိုင်
ပါနဲ့။ သက်ဆိုင်ရာကို
အကြောင်းကြားပေးပါ။


အရပ်သားများနဲ့ လူမှုအဖွဲ့အစည်းများ
အား ဖောက်ခွဲရေးပစ္စည်းများ၏
အန္တရာယ်ကို သတိပေးပါ။


တပ်သားတွေဟာ ပေါက်ကွဲစေတတ်တဲ့ စစ်လက်နက်တွေ ရှိနေနိုင်တဲ့ နေရာတွေမှာ သတိပေးဆိုင်းဘုတ်တွေတပ်ပြီး လမ်းတလျှောက် လုံခြုံရေးယူတာတွေ ပြုလုပ်ကြတယ်။
မိုင်း
သတိပြု
ဖောက်ခွဲရေးပစ္စည်းများအား အခြားသောသူများမှ နေရာရွှေ့ခြင်း၊ မတော်တဆ အသက်ဝင်စေရန် ပြုလုပ်မိခြင်းများ မပြုလုပ်မိစေရန် တားဆီးပါ၊
ဖောက်ခွဲရေးပစ္စည်းများ ရှင်းလင်းဆောင်ရွက်ရာတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ပါ၊


ဖောက်ခွဲရေးပစ္စည်းများကြောင့် ထိခိုက်မိသော အရပ်သားများကို ကူညီပါ။


ရပ်ရွာပြန်လည်ထူထောင်ရေးအတွက် တတ်အားသလောက် ဝိုင်းဝန်းကူညီပါ။



တိုက်ပွဲတွေအပြီးမှာတော့
တပ်သားတွေလည်း ရွာကနေ
ပြန်လည်ဆုတ်ခွာသွားပါတယ်။
တဖြည်းဖြည်းနဲ့ ရွာလေးဟာ
ပြန်လည် လုံခြုံစည်ကားလာပါ
တယ်။
ထွက်ပြေးတိမ်းရှောင်နေရတဲ့
ရွာသူရွာသားတွေလည်း နေရပ်
ကို ပြန်လာကြပါပြီ။


ရွာကလေးလည်း တိုက်ပွဲရဲ့ အရိပ်အောက်
ကနေ တဖြည်းဖြည်း ပြန်လည်သက်ဝင်
လှုပ်ရှားလာပါတော့တယ်။

